

# သူတို့ ညီနောင်နှင့် ကျွန်တော်

## ရသစာတမ်းများ

ဇော်ဂျီ

# မာတိကာ

•••

## ဇော်ဂျီ

နာမည် အရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ အဖ ဦးယော၊ အမိ ဒေါ်စိန်ညွန့်တို့မှ ၁၉၀၇ ခုနှစ် ၊ ဧပြီလ ၁၂ ရက် သော ကြာနေ့တွင် ဖျာပုံမြို့ ၌ ဖွားမြင်ခဲ့သည်။

ငယ်စဉ်က ဘုန်းတော် ကြီးသင်ပညာရေး ကျောင်းနှင့် ဖျာပုံ အမျိုး သား အထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့သည်။ နောင် ရန်ကုန်မြို့ ရှိ အမျိုး သား အထက်တန်းကျောင်း၊ အစိုးရ အထောက်အပံ့ခံ မြို့ မအထက်တန်းကျောင်းမှ အထက်တန်း အောင်မြင်၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ၁၉၂၉ ခုနှစ် တွင် ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်၊ မြန်မာ အရှေ့တိုင်းနိုင်ငံများ သမိုင်း ဘာသာတွဲ ဖြင့် ရရှိခဲ့သည်။

၁၉၃၀ ခုနှစ် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာနည်းပြအ ဖြစ် သင်ကြားခဲ့ပြီး ၁၉၃၁-၃၄ ခုနှစ် အတွင်း ; မြို့ မအမျိုး သား အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာအ ဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၄ ခုနှစ် တွင် ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာနှင့် မြန်မာစာ နှစ် ဘာသာတွဲ ယူ၍ မဟာဝိဇ္ဇာ(MA) ဘွဲ့ကို ၁၉၃၆ ခုနှစ် တွင် ရခဲ့သည်။

၁၉၃၆-၃၈ ခုနှစ် ၌ မန္တလေး ဥပစာ ကောလိပ် မြန်မာစာဌာနတွင် နည်းပြဆရာ တာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၃၈ ခုနှစ် တွင် စာကြည့်တိုက်ပညာ ဒီပလိုမာ ယူရန် အင်္ဂလန်နိုင်ငံသို့ သွားခဲ့သည်။ London University တွင် တက်ရင်း စစ် ဖြစ်လာသဖြင့် အိုင်ယာလန်ပြည် ဒပ်ဗလင် (Dublin) မြို့ သို့ ကူးကာ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ရယူခဲ့သည်။ ၁၉၄၁ ခုနှစ် တွင် ရန်ကုန်သို့ ပြန်ရောက်လာပြီး ရန်ကုန်တက္ကသိုလ်

စာကြည့်တိုက်၌ စာကြည့်တိုက်မှူး အ ဖြစ် စတင် အမှု ထမ်းခဲ့သည်။ ၁၉၄၁ ခုနှစ် အောက်တိုဘာလတွင် မြို့မ အမျိုး သမီးကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်စောရင် B.A.,B.Ed. နှင့် လက်ထပ်ခဲ့သည်။

၁၉၄၂ ခုနှစ် ဂျပန်ခေတ်အတွင်း မြန်မာအစိုးရ ပညာရေး ဝန်ကြီးဌာန (စာပေနှင့် စာကြည့်တိုက်)၌ ဒုတိယအတွင်း ဝန်၊ ထို့နောက် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး အ ဖြစ် ၁၉၄၆ ခုနှစ် တွင် ပြန်လည် တာဝန်ထမ်းဆောင်ရင်း တိုင်းပြည်ပြု လွှတ်တော် ရုံးနှင့် ရွေးကောက်ပွဲ ကော်မရှင်ရုံး (၁၉၄၇) တွင် အထူးအရာရှိအ ဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၂ ခုနှစ် တွင် ပညာရေး ဝန်ကြီးဌာန ကျောင်းသုံးစာအုပ်ပြုစုရေး ညွှန်ကြားရေး ဝန်၊ ၁၉၅၉ ခုနှစ် တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင် ဥက္ကဋ္ဌ၊ ၁၉၆၁ ခုနှစ် တွင် ဂုဏ်ထူးဆောင် မြန်မာစာ ပါမောက္ခ၊ ၁၉၆၅ ခုနှစ် တွင် နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန ညွှန်ကြားရေး မှူး ချုပ်၊ ပညာရပ်ဝေါဟာရ ကော်မတီ ဥက္ကဋ္ဌ၊ အမျိုး သားစာပေဆု စိစစ်ရွေးချယ်ရေး ကော်မတီ ဥက္ကဋ္ဌ၊ ပညာရေး ဝန်ကြီးဌာန အထူးအရာရှိ(၁)၊ ၁၉၇၆ ခုနှစ် တွင် နိုင်ငံသမိုင်း သုတေသနဦးစီးဌာန၏ အကြံပေးပုဂ္ဂိုလ်အ ဖြစ် ဆောင်ရွက်ပြီး ယင်းနှစ် တွင် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး တာဝန်မှ အငြိမ်းစားယူသည်။

ရရှိခဲ့သော ဘွဲ့တံဆိပ်/ ဆုများ မှာ -

၁၉၂၄-သစ္စာဝါဒီဆု (ကဗျာ ဘာသာပြန်ဆု) ၁၉၂၈-သာဒိုးအောင်ဆု (တက္ကသိုလ်တွင် ရသည့်ဆု) ၁၉၄၈-ဝဏ္ဏကျော်ထင်ဘွဲ့

၁၉၅၅-စာပေဗိမာန် စာပဒေသာဆု

၁၉၆၁-သီရိပျံချီဘွဲ့

၁၉၇၉-အမျိုး သားစာပေဆု (ဘာသာပြန်) ၁၉၈၇-အမျိုး သားစာပေဆု (ကဗျာ) တို့ဖြစ်သည်။

၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်တွင် နေအိမ်၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ် ပြည့်ပြီး ဖြစ်သည်။ သမီး သုံးယောက်

ဖြစ်သည့် ဒေါက်တာခင်မျိုး ဟန် (ကလေးအထူးကုဆရာဝန်)၊ ဒေါက်တာခင်လှဟန် (သမိုင်းပညာရှင်)၊ ဒေါက်တာခင်အုန်းဟန် (မျက်စိအထူးကုဆရာဝန်) တို့ ထွန်းကားခဲ့သည်။

•••